# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 26, 2024 | Volume 79, Number 17


၂၆.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၂၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၆.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၉.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၄၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ယခုနှစ်ထွက်ရှိလာသည့် ရင်ကွဲသရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ရာတွင် အရောင်းအဝယ်ကောင်းနေ



ယခုနှစ်ထွက်ရှိလာသည့် ရင်ကွဲသရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍သိရသည်။

လက်ရှိအချိန်တွင် မြေပြန့်ပိုင်း၌ စိန်တလုံးနှင့်ရွှေဟင်္သာသရက်သီးများ ရာသီကုန်ချိန်ရောက်ရှိနေပြီဖြစ်၍ တရုတ်နိုင်ငံဈေးကွက်သို့ ရင်ကွဲသရက်သီးများကို တင်ပို့ရောင်းချနေခြင်းများရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချနေရာတွင် အရောင်းအဝယ်ကောင်းလျက်ရှိပြီး ဈေးနှုန်းများမှာ ၁၆ ကီလိုဂရမ်တစ်ခြင်းလျှင် အမျိုးအစားအလိုက် ယွမ် ၅၀ ၊ ၆၀ ဖြင့် ရောင်းချနေရကြောင်းသိရသည်။

"တရုတ်နိုင်ငံ ဈေးကွက်ကို ရင်ကွဲသရက်သီးတွေ တင်ပို့ရောင်းချနေကြပါတယ်။ ဈေးကောင်းရရှိနေပါတယ်။ ဒီလကစပြီး ရင်ကွဲသရက်သီးက ဈေးကွက်ထဲကို လှိုင်လှိုင်ဝင်ရောက်နေပါပြီ၊ ကျန်တဲ့ သရက်သီးတွေက ပြတ်သလောက်ဖြစ်သွားပြီ။ ရင်ကွဲသီးပဲ ကျန်ပါတော့တယ်။ ဒီနှစ်သရက်သီးက အဝယ်သွက်ပါတယ်။ အရည်အသွေးကောင်းရင်တော့ ဈေးကောင်းရကြပါတယ်။ နောက်နှစ်တွေမှာ တောင်သူတွေ ကိုယ့်ပစ္စည်းကို အရည်အသွေးကောင်းအောင် ဂရုစိုက်ကြဖို့လိုပါတယ်။ ခူးဆွတ်တာကအစ ထုပ်ပိုးမှုစနစ်ကောင်းကောင်းထုပ်နိုင်ရင် ဈေးကောင်းရပါတယ်" ဟု အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

နှစ်စဉ် သရက်ရာသီချိန်ရောက်ပါက တရုတ်နိုင်ငံဈေးကွက်သို့ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်နှင့် မယ်သီသရက်သီးတို့ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် သရက်ရာသီတွင် အသီးအထွက်နှုန်းနည်းသော်လည်း ဈေးကွက်သို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## ဇူလိုင် ၁ ရက်မှစ၍ ဆန်များကို အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချမည်

လာမည့်ဇူလိုင်လ ၁ ရက်မှစတင်၍ ဆန်များကို အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။

ယင်းအစီအစဉ်အရ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် သက်သာသောဈေးနှုန်းဖြင့် ပေါ်ဆန်းဆန်များကို အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး မှာယူသည့်နေ့မှစ၍ ၃ ရက်အတွင်း အရောက်ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆန်အမျိုးအစားများနှင့် အိမ်အရောက် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း ၁၀၈ ပေါင် ၂၄ ပြည် တစ်အိတ် ကျပ် ၁၅၂,၀၀၀၊ ရေ၀တီပေါ်ဆန်း တစ်အိတ် ကျပ် ၁၃၀,၀၀၀၊ ရေ၀တီပေါ်ဆန်း ၁၀ ကီလို ၅ ပြည်တစ်အိတ် ကျပ် ၂၆,၅၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ငွေပေးချေမှုကိုလည်း KBZ Pay သို့မဟုတ် အခြားနည်းလမ်းဖြင့် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ထို့ပြင် မှာကြားသည့်နေ့ရက်/ငွေပေးသွင်းပြီးသည့် အချိန်ကာလမှစတင်၍ အများဆုံး ၃ ရက်အတွင်း အရည်အသွေးမှန်၊ အလေးချိန်မှန် ဆန်အိတ်များကို လိပ်စာပါအတိုင်း အိမ်အရောက်ပို့ပေးသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ မိဘပြည်သူများမှ အိမ်အရောက်ပို့စနစ်ဖြင့် ပေါ်ဆန်းမွှေးဆန်များ ဝယ်ယူလိုပါက Viber ဖုန်းနံပါတ်များ ဖြစ်သည့် ၀၉-၄၀၀၀၆၇၂၄၀၊ ၀၉-၄၀၀၀၆၇၂၅၀၊ ၀၉-၄၀၀၀၆၇၂၆၀ နှင့် အီးမေးလ် sales@mrf.com.mm သို့ ဆက်သွယ်မှာယူနိုင်ကြောင်း ဖော်ပြထားသည်။

အလားတူ အခြားဆန်အမျိုးအစားများနှင့် ထုပ်ပိုးမှုပုံစံအမျိုးမျိုးကိုလည်း အိမ်အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး တိုးချဲ့ဆောင်ရွက်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတ်မှတ်ဈေးနှုန်းများသည် ရည်ညွှန်းဈေးများနှင့်အညီ သင့်တင့်မျှတသော ဈေးနှုန်းများဖြစ်ပြီး ထပ်မံလျှော့ချနိုင်ရေး ဆောင်ရွက်နေပြီး ယခုအစီအစဉ်အား စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အမှန်လိုအပ်မှုအတွက်သာ မှာယူကြရန်လည်း မေတ္တာရပ်ခံထားသည်။

Source: Popular News Journal

## ပြည်ပသို့ ပျားရည်တန် ၅၀၀ နီးပါးတင်ပို့

ယခုဘဏ္ဍာနှစ်၏ နှစ်လအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၃၂ သန်းရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှသိရသည်။ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ ပျားရည်တင်ပို့မှုအနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ မက်ထရစ်တန် ၄၆၁ ဒသမ ၂၁ တန် တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၂၇ တန် တင်ပို့ခဲ့ရာ စုစုပေါင်း မက်ထရစ်တန် ၄၈၈ ဒသမ ၂၁ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၃၂ သန်းရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့ပျားရည်ကို ပြည်ပနိုင်ငံများဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ တရုတ်(တိုင်ပေ)နှင့် စင်ကာပူနိုင်ငံတို့သို့ တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်းသိရသည်။ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်လျက်ရှိရာ လက်ရှိတွင် နှမ်းပျားရည် ထုတ်လုပ်နေသည့်အချိန်ဖြစ်ကြောင်း သိရသည်။

Source: Popular News Journal

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နေလှန်းဆား ပိဿာချိန် ၉၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နေလှန်းဆားပိဿာချိန် ၉၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောက ပြောပြသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သော ဧပြီလအတွင်းက ဒေသထွက်နေလှန်းဆား ပိဿာချိန် ၇၄,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ တစ်လအတွင်း နေလှန်းဆားပိဿာချိန် ၉၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ တစ်လအတွင်း ပိဿာချိန် ၉၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချရာမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောကပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့် လုပ်ငန်းများတွင် အဓိကအသုံးပြုကြောင်း လပွတ္တာမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောချောထံမှ သိရသည်။

**Source: ရတနာပုံနေ့စဉ်သတင်းစာ**

## ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေကပြောပြ၍ သိရသည်။

ထောပတ်ပဲကို ယခင်က အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိ ပြည်ပနိုင်ငံများက ပြန်လည်ဝယ်ယူမှုများပြားလာကြောင်း၊ ထို့ကြောင့် မန္တလေးဈေးကွက်အတွင်း ထောပတ်ပဲများ အရောင်းအဝယ်ကောင်းမွန်နေကြောင်းသိရသည်။

"ထောပတ်ပဲက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ တရုတ်နိုင်ငံဘက်ကလဲ ထောပတ်ပဲဝယ်ယူမှု ပြန်ပြီးများလာပါတယ်။ နောက်ပိုင်း ထောပတ်ပဲအရောင်းအဝယ် ဒီထက်ပိုပြီး ကောင်းမွန်လာမဲ့ အနေအထားမှာရှိနေပြီး ပြည်ပနိုင်ငံတွေကလဲ ဝယ်ယူမှုတွေပိုပြီး များလာနိုင်ပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ (၂၅.၆.၂၀၂၄) တွင် ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၄၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ထောပတ်ပဲကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ပေါ်ဆန်းစပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်း ပေါ်ဆန်းစပါးတင်းရေ ၈၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလ အတွင်းက ပေါ်ဆန်းစပါးတင်းရေ ၅၈,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လတာကာလအတွင်း ပေါ်ဆန်းစပါးတင်းရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ပြီးခဲ့တဲ့မေလအတွင်းက ပေါ်ဆန်းစပါးတင်းရေ ၈၅,၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိစပါးဈေးကလဲကောင်းနေပါတယ်။ ပေါ်ဆန်းစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေတယ်။ အခြားစပါးတွေနဲ့ ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ စပါးတွေကို ကုန်းလမ်းနဲ့ရေလမ်းကနေအဆင်ပြေသလို တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၂,၂၅၀,၀၀၀ ထိ ဈေးရရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

Source: **ရတနာပုံနေ့စဉ်သတင်းစာ**

## မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုလုပ်ငန်း ရန်ကုန်-ကော့သောင်း-ရနောင်း ကွန်တိန်နာစနစ် စတင်မည်

ထိုင်းနယ်စပ်ကုန်သွယ်မှု လမ်းကြောင်းအသစ်ဖြစ်သည့် ရန်ကုန်-ကော့သောင်း-ရနောင်း ကွန်တိန်နာစနစ်ဖြင့် လုပ်ငန်း ဆောင်ရွက်မှုကို ၂၀၂၄ ခုနှစ် ဇွန်လတွင် စတင်တော့မည်ဖြစ်သည်။ GOLD SHIPPING AGENCY SERVICES LIMITED မှ သင်္ဘောဖြစ်သည့် MV. Beypore Sultan သည် မြန်မာပို့ကုန် ပြောင်းဆန်များသယ်ဆောင်ပြီး ထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်းသို့ ၂၈-၆-၂၀၂၄ ရက်နေ့တွင် ထွက်ခွာရန် စီစဉ်ထားရှိသည်။ အပြန်တွင် ရနောင်းဆိပ်ကမ်းမှ သွင်းကုန်ပစ္စည်းများသယ်ဆောင်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာမည်ဖြစ်သည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှု လမ်းကြောင်းအသစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်းနှင့် ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ၁/၂၀၂၄ ပါ စံပြုလုပ်ငန်းစဉ်များကို လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**Source: https://commerce.gov.mm**

## အိန္ဒိယနိုင်ငံတွင် ဝယ်လိုအားတက်လာသဖြင့် ကြက်သွန်နီဈေးတက်

ပြီးခဲ့သည့် သီတင်း ၂ ပတ်အတွင်း အိန္ဒိယနိုင်ငံ ကြက်သွန်နီဈေးနှုန်းများသည် အသစ်ရောက်ရှိမှုနှေးကွေးခြင်းနှင့် ဘက္ကဒီးအစ်နေ့ (Bakrid Eid) ကာလ ဝယ်လိုအားမြင့်တက်မှုတို့ကြောင့် ၃၀ ရာခိုင်နှုန်း မှ ၅၀ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့သည်။ ကုန်သွယ်မှုတွင် ကုန်စည်သိုလှောင်မှုများရှိလာသောကြောင့် ဗဟိုအစိုးရမှ ဈေးနှုန်းထိန်းချုပ်ရန် စွက်ဖက်မှုများကို ဖြေလျှော့နိုင်မည်ဟု မျှော်လင့်နေကြသည်။

TIR

မဟာရက်ရှထာ ပြည်နယ်၊ လာဆယ်ဂျီအွန်မြို့၏ တနင်္လာနေ့ပေါက်ဈေးအရ ကြက်သွန်နီ လက်ကားဈေး ပျမ်းမျှ တစ်ကီလိုဂရမ်လျှင် ၂၆ ရူပီးရှိပြီး မေလ ၂၅ ရက်နေ့က ပေါက်ဈေး ၁၇ ရူပီးသာရှိခဲ့သည်။ ဈေးကွက်တွင်အရောင်းနည်းသော အရည်အသွေးအကောင်းဆုံး ကြက်သွန်နီဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ရူပီး ၃၀ ဈေးရှိသည်။

ဇွန်လအတွင်း ဈေးကွက်၌ရောင်းချနေသည့် ကြက်သွန်နီများမှာ တောင်သူများနှင့် ကုန်သည်များသိုလှောင်ထားသည့် လက်ကျန်များမှဖြစ်ပြီး ၂၀၂၃-၂၀၂၄ သီးနှံထွက်နှုန်းကျဆင်းကာဈေးတက်မည်ဟု လယ်သမားများက မျှော်မှန်းထားသောကြောင့် ကုန်စည်ရောင်းချမှု နှေးကွေးနေခြင်းဖြစ်သည်။ ထို့ပြင် ပို့ကုန်အကောက်ခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံမှုကြောင့်လည်း တင်ပို့မှုတွင် နှေးကွေးနေသည်။

ပန်းမန်ထွက်ကုန်တင်ပို့သူများအသင်းဥက္ကဋ္ဌ၊ Ajit Shah က လယ်သမားများနှင့် ကုန်သိုလှောင်သူများသည် အစိုးရက ပို့ကုန်အကောက်ခွန်ကို ဖယ်ရှားပေးမည်ဟု မျှော်လင့်သောကြောင့် ကြက်သွန်နီဈေးတက်မည်ဟုယူဆကာ ကုန်များကို လက်ဝယ်ထားခြင်းကြောင့် ကြက်သွန်နီဈေးတက်ရခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source: https://economictimes.indiatimes.com**

**ကုန်သွယ်ရေးဦးစီးဌာန၊ WTO ဌာနခွဲ**

**https://commerce.gov.mm**

## ဗီယက်နမ်နိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ရော်ဘာတင်ပို့မှုမြင့်တက်

သီရိလင်္ကာဈေးကွက်သို့ ယခုနှစ်ပထမ ၅ လတွင် ဗီယက်နမ်မှ ရော်ဘာတင်သွင်းမှုသည် ပမာဏအားဖြင့် ၄၃၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၅၃၀ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း Viet Nam News အွန်လိုင်းသတင်း ဖော်ပြချက်အရ သိရှိရသည်။

စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံခြားကုန်သွယ်မှုအေဂျင်စီ၏ဖော်ပြချက်အရ ယခင်လက ရော်ဘာတင်ပို့မှုမှာ တန်ချိန် ၈၄,၄၆၀ ရှိပြီး အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၆၄ သန်း ရရှိခဲ့ကြောင်းသိရသည်။ ဧပြီလနှင့်နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၂၇ ဒသမ ၉ ရာခိုင်နှုန်းနှင့် ပြီးခဲ့သည့်နှစ် မေလတန်ဖိုးထက် ၁၄ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ရော်ဘာတင်ပို့မှုသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက နှစ်လဆက်တိုက် ကျဆင်းခဲ့သည်။ ယခုနှစ် ပထမ ၅ လအတွင်း ရော်ဘာတင်ပို့မှုမှာ တန်ချိန် ၅၇၂,၂၈၀ ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၅၉ ဒသမ ၄ သန်းရရှိခဲ့ကြောင်း၊ ပမာဏအားဖြင့် ၂ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက တန်ဖိုး ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

အထူးသဖြင့် တရုတ်၊ နယ်သာလန်နှင့် ပီရူးတို့ကဲ့သို့သော ဈေးကွက်များတွင် ယခုနှစ် ပထမ ၅ လအတွင်း ရော်ဘာတင်ပို့မှု ကျဆင်းခဲ့ကြောင်း၊ သို့သော်လည်း အိန္ဒိယ၊ တောင်ကိုရီးယား၊ ရုရှား၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ တူရကီ၊ ဘရာဇီးနှင့် အီတလီအပါအဝင် အချို့သောဈေးကွက်များသို့ တင်ပို့မှုတိုးလာခဲ့ကြောင်း ဖော်ပြထားသည်။

သီရိလင်္ကာဈေးကွက်သို့ ဗီယက်နမ်နိုင်ငံမှ ရော်ဘာတင်သွင်းမှုသည် ယခုနှစ်ပထမ ၅ လ အတွင်း ထူးထူးခြားခြား မြင့်တက်လာခဲ့ပြီး အဆိုပါဈေးကွက်သို့ ဗီယက်နမ်နိုင်ငံ၏ ရော်ဘာတင်ပို့မှုဝေစုသည် ၀ ဒသမ ၂၆ ရာခိုင်နှုန်းမှ ၁ ဒသမ ၄၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားသည်။

**Source: Viet Nam News**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

**https://myantrade.gov.mm/**

# STOCK EXCHANGE (26.6.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 26th Jun. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 49,063 (Shares) | 160,065,700 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -100 | -1.10% | 9,100 | 9,100 | 9,000 | 323 | 2,915,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,250 | 3,350 | 3,250 | 3,419 | 11,274,750 | 38,929,150 | 130,413 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,449 | 2,527,100 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | -100 | -3.39% | 2,750 | 2,850 | 2,750 | 250 | 697,500 | 12,823,224 | 36,546 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 1,034 | 1,972,600 | 19,977,223 | 38,956 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |
| MAEX | 00008 | 3,350 | +50 | +1.52% | 3,350 | 3,400 | 3,350 | 2,588 | 8,678,750 | 23,804,946 | 79,747 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 26th Jun. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.10 | -0.78 | -0.19% | 410.62 | 412.70 | 408.80 | 9,063 | 28,065,700 | 8 | 775,418 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 26th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 49,063 (Shares) | 160,065,700 (MMK) |

### Main Board

As of 1:00 pm, 26th Jun. 2024

#### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 49,063 (Shares) | 160,065,700 (MMK) |

| MYANPIX | 411.10 ▼ 0.78 |
|---|---|
| Total Volume (shares) | 9,063 |
| Total Value (MMK) | 28 mil |
| Listed Company | 8 |
| Market Cap. (MMK) | 775,418 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 100 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,850 | ▼ 100 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 50 |